*J. Myanmar Acad. Arts Sci. 2020* **Vol. XVIII. No.6C**

# မြန်မာကဗျာနှင့် ဆံကေသာသင်္ကေတ

**သီသီဆွေ** *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာကဗျာများတွင် စာဆိုတို့ရေးဖွဲ့သော ဆံကေသာသင်္ကေတ အဖွဲ့များကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ မြန်မာကဗျာများတွင် မြန်မာတို့၏ ဆံကေသာကိုအမျိုးမျိုး ပုံဖော်ရေးဖွဲ့ထားသော ဆံကေသာအဖွဲ့များကို အလေ့လာခံအဖြစ်သတ်မှတ်၍ မြန်မာစာပေ ဝေဖန်ရေး နယ်ပယ်မှ သင်္ကေတစနစ်ဖြင့် လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် ကဗျာများလာ ထိုဆံကေသာအဖွဲ့များမှ အရွယ်ကိုဖော်ပြနိုင်သည့် ဆံကေသာသင်္ကေတအဖွဲ့များ၊ ဂုဏ်အဆင့်အတန်းကို ဖော်ပြနိုင်သည့် ဆံကေသာသင်္ကေတအဖွဲ့များ၊ ခံစားချက်ကို ဖော်ပြနိုင်သည့် ဆံကေသာ သင်္ကေတအဖွဲ့များဟူ၍ သုံးသပ်တင်ပြထားပါသည်။ မြန်မာစာပေနယ်ပယ်မှ ဆံကေသာ သင်္ကေတနှင့် အခြားသောသင်္ကေတအဖွဲ့များကို လေ့လာလိုသူများအတွက် အထောက်အကူ ပြုနိုင်ပါသည်။


သော့ချက်စကားလုံးများ–ဆံကေသာသင်္ကေတ၊ ကဗျာ၊ အသက်အရွယ်၊ ဂုဏ်အဆင့်အတန်း၊ခံစားချက်

## နိဒါန်း

ဆံကေသာသည် မြန်မာတို့မြတ်နိုးတန်ဖိုးထားသော ယဉ်ကျေးမှုဖြစ်ပါသည်။ ကျမ်းဂန်လာ အဆို အမိန့်အရ မိန်းမတို့၏ကောင်ခြင်းလက္ခဏာတွင် ကေကလျာဏဟူသော ဆံကေသာ ကောင်းခြင်းတစ်ခု ပါဝင်ပါသည်။ ခေတ်အဆက်ဆက် စာဆိုတို့ကလည်း အမျိုးသမီးများ၏ အလှဘွဲ့များတွင် ဆံကေသာကို အမျိုးမျိုးမှတ်တမ်းပြု ဖွဲ့ဆိုခဲ့ရာ ရဝေရှင်ထွေး၏ ဆံထုံးထုံးနည်း (၅၅)မျိုး အန်ချင်းသည် အထင်ရှားဆုံး ဖြစ်ပါသည်။

ခေတ်အဆက်ဆက် စာဆိုတို့ဖွဲ့ဆိုခဲ့သည့် ဆံကေသာအဖွဲ့များကို ဆန်းစစ်ကြည့်လျှင် စာဆို ရည်ညွှန်းဖွဲ့ဆိုလိုသည့် အမျိုးသမီးလေးများ၏ အရွယ်ကိုလည်းကောင်း၊ ဂုဏ်အဆင့်အတန်းကို လည်းကောင်း၊ ခံစားချက်ကိုလည်းကောင်း ပုံဖော်ရာတွင် တိုက်ရိုက်ရည်ညွှန်းသည့် အဖွဲ့များထက် သွယ်ဝိုက်ဖွဲ့ဆိုသည့်အဖွဲ့များကို တွေ့ရပါသည်။ ထိုအဖွဲ့များကို စာပေဝေဖန်ရေးနယ်ပယ် သင်္ကေတ သဘောတရားများနှင့် ချိန်ထိုးလေ့လာဆန်းစစ်ကြည့်မိပါသည်။ ဤသို့လေ့လာကြည့်ရာတွင် ရှေးခေတ် စာဆိုတို့၏ သင်္ကေတသဘောတရား နည်းနာများကို အသုံးပြုနိုင်မှုစွမ်းရည်များကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် မြန်မာကဗျာများလာ ဆံကေသာသင်္ကေတကို လေ့လာတင်ပြခြင်း ဖြစ်ပါ သည်။ ထိုသို့လေ့လာတင်ပြရာတွင် အင်းဝခေတ်စာဆို ဝံတောင်လယ်၏ရတု(၄)ပုဒ်၊ ရှင်မဟာရဋ္ဌသာရ၏ ရတု(၃)ပုဒ်၊ မကွေးတရာ စာဆို၏ရတု(၁)ပုဒ်၊ တောင်ငူခေတ်စာဆို နဝဒေး၏ရတု(၂)ပုဒ်၊ ရှင်သူရဲ၏ရတု (၁)ပုဒ်၊ ရှင်ထွေးနာသိန်၏ရတု(၁)ပုဒ်၊ နတ်သျှင်နောင်၏ရတု(၁)ပုဒ်၊ ပဲခူးမိဖုရား၏ရတု(၂)ပုဒ်၊ ရဝေရှင်ထွေး၏ရတု(၁)ပုဒ်၊ စုစုပေါင်းရတု (၁၆)ပုဒ်နှင့် ရှင်အဂ္ဂသမာဓိ၏နေမိဘုံခန်းပျို့၊ တွင်းသင်း တိုက်ဝန် မဟာစည်သူဦးထွန်းညို၏ မဟာဇနကပျို့၊ ဦးကြော့၏စုံနံ့သာမြိုင် ရှာပုံတော်ကြီး၊ မိဖုရား

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကွန်ပျူတာတက္ကသိုလ်

ရှင်မင်း၏ တေးထပ်စသည့်ကဗျာတို့မှ အမျိုးသမီးတို့၏ ဆံကေသာအဖွဲ့များကို အလေ့လာခံအဖြစ် သတ်မှတ်၍ ထုတ်နုတ်လေ့လာတင်ပြထားပါသည်။ ထို့ပြင်ခေတ်အဆက်ဆက် ဆံကေသာဆင်ယင်ထုံးဖွဲ့သည့်ပုံများကိုလည်း နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

## ၁။ သင်္ကေတ[၁] နှင့် သင်္ကေတဝါဒ[၂]

### ၁၊ ၁။ သင်္ကေတ

မြန်မာအဘိဓာန်တွင် သင်္ကေတကို **"အမှတ်အသား"**[၃] ဟု ဖွင့်ဆိုထားပါသည်။

အောက်စဖို့ဒ်အဘိဓာန်တွင် သင်္ကေတကို **"အမှတ်သညာ"**[၄] ဟု ဖွင့်ဆိုထားပါသည်။

မြကေတုက **"သင်္ကေတအမှတ်သညာ"**[၅] ဟု သုံးထားပါသည်။

> သင်္ကေတဆိုရာ၌ ဘာသာစကားထဲက စကားသံများ၊ စကားလုံးများ၊ အသံများ၊ အာရုံရုပ်များ၊ လူတို့၏ သဘောထားနှင့် ခံစားမှုကို ဖော်ပြသော ကိုယ်ဟန်အမူအရာများ၊ ဝတ်စားဆင်ယင်သည့် အဝတ်အစားများ၊ အပြုအမူများ၊ အရာဝတ္ထုများ စသည့်တို့အားလုံး အကျုံးဝင်သည်[၆]

ဟုလည်းကောင်း၊ မောင်ခင်မင် (ဓနုဖြူ)က

> သင်္ကေတဆိုသည်မှာ တစ်စုံတစ်ခုကို ကိုယ်စားပြုရည်ညွှန်းသော အမှတ်အသားဖြစ်သည်[၇]

ဟုလည်းကောင်း၊

> သင်္ကေတဖန်တီးတတ်ခြင်းသည် အခြေခံကျသော လူ့စွမ်းရည်တစ်ရပ်ဖြစ်သည်။ လူသည် သင်္ကေတအမျိုးမျိုးကို ဖန်တီးအသုံးပြုမြဲဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာကြီးသည် သင်္ကေတကမ္ဘာကြီးဖြစ်သည်။ ပတ်ဝန်းကျင်ကို လေ့လာကြည့်လျှင် သင်္ကေတအမျိုးမျိုး တွေ့ရမည်ဖြစ်သည်[၈]

ဟုလည်းကောင်း မိန့်ဆိုခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံတော်အလံများ၊ ကြက်ခြေနီအမှတ်အသား၊ ချိုးဖြူငှက် သင်္ကေတများသည် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုသည့် သင်္ကေတများဖြစ်သည်။ သဇင်ပန်းခိုင်သည် ရခိုင်လူမျိုး၊ မနောတိုင်သည်ကချင်လူမျိုး၊ အောက်ချင်းငှက်သည် ချင်းလူမျိုး စသည်တို့ကိုသင်္ကေတပြုသည့် အမှတ်သညာများဖြစ်သည်။

---

[၁] symbol

[၂] symbolism

[၃] jrefrmpmtzGJU? 1991? 380/

[၄] Oxford Advaned Learner's Dictionary, 1991, 1304

[၅] မြကေတု၊ ၁၉၉၄၊ ၄၁၁။

[၆] ခင်အေး၊ ဒေါက်တာ၊ ၂၀၁၆၊ ၁၈။

[၇] ခင်မင် (ဓနုဖြူ)၊ ၂၀၀၄၊ ၃၄။

[၈] ယင်း-၊ ၂၀၀၅၊ ၁၁။

မြကေတုက

> လောကလူတို့တွင် အမှတ်သညာဟူ၍ ရှိတတ်ကြသည်။ စိတ်ထဲ၌မှတ်သားထားသည်များကို မေ့လျော့ပျောက်ကွယ်မည် စိုးရိမ်သဖြင့် သင်္ကေတဖြင့်မှတ်သားခြင်း၊ အရုပ်ရေးခြင်းဖြင့် လည်းကောင်း၊ လက်ာတို့ ဖွဲ့၍လည်းကောင်း မှတ်သားထားကြသည် [၉]

ဟု မိန့်ဆိုခဲ့ပါသည်။

ထို့ကြောင့် သင်္ကေတဆိုသည်မှာ လူတို့၏စိတ်နေသဘောထားသာမက အရာဝတ္ထုများကို ရည်ညွှန်းသော အမှတ်အသားများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဆိုလျှင် ကမ္ဘာကြီး အစကပင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်ရန် အရုပ်သင်္ကေတများ မှတ်သားလာခဲ့ကြသည်ဟု လေ့လာသိရှိရပါသည်။ ထိုမှစ၍ စာပေများ ပေါ်ပေါက်လာသည်။ ယဉ်ကျေးမှုများ ထွန်းကားလာရာမှ မိမိတို့၏အနုပညာများတွင် သင်္ကေတများ ဖန်တီးရေးဖွဲ့လာကြသည်ကို တွေ့ရနိုင်ပါသည်။

## ၂။ **သင်္ကေတဝါဒ**

သင်္ကေတဝါဒဆိုသည်မှာ

> သင်္ကေတများကို အသုံးပြုခြင်း။ သင်္ကေတဝါဒ။ သင်္ကေတစုအဝေး။ စိတ်ကူး၊ ခံစားချက်များကို ဖော်ပြရန် သင်္ကေတများ သုံးသည့် အနုပညာ၊ ကဗျာလှုပ်ရှားမှု၊ ဟန် [၁၀]

ဟု ဖွင့်ဆိုထားပါသည်။

သင်္ကေတဝါဒကို (၁၉)ရာစုနှစ်ကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ စာပေပညာရှင် ဗောလ်တဲယား တို့က စတင်ခဲ့ခြင်းဖြစ်သည်။[၁၁] ၎င်းတို့က စာပေအနုပညာတွင် တိုက်ရိုက်တဲ့တိုးပြောခြင်းသည် အနုပညာ မမြောက်၊ သင်္ကေတများဖြင့် သွယ်ဝိုက်၍ ရိုးတိုးရိပ်တိတ်ပြောခြင်းသည်သာ အနုပညာ မြောက်ကြောင်း ကြွေးကြော်ခဲ့ရာမှ **သင်္ကေတဝါဒလှုပ်ရှားမှု**[၁၂] ပေါ်ပေါက်လာခဲ့သည်။ သင်္ကေတဝါဒ ကဗျာစာဆိုတို့မှာ ချားလ်စ်ဘော်လ်တဲယား၊ စတီးဖိန်းမာလာမေး၊ အာသာရင်ဘောက်၊ ပေါလ် ဗာလာနေးတို့ ဖြစ်သည်။[၁၃]

ဇော်ဇော်အောင်ကမူ

> စာပေတွင် ရည်ညွှန်းလိုသော အချက်များကို တိုက်ရိုက်ဖော်ပြခြင်းထက် သင်္ကေတဖြင့် ဖော်ပြခြင်းက ပို၍စိတ်ဝင်စားဖွယ်ကောင်းပါသည်။ စာဆိုတို့ရေးဖွဲ့တင်ပြထားသော သင်္ကေတများကို ဖတ်ရှုသူတို့က ခံစားမှုအလိုက် အနက်ထုတ်ဖော်ကြရသဖြင့် စာအရသာကို ပို၍တိုးပွားစေသည် [၁၄]

ဟု ဆိုပါသည်။

---

[၉] မြကေတု၊ ၁၉၉၄၊ ၄၁၁။

[၁၀] အင်္ဂလိပ်မြန်မာအဘိဓာန်၊ ၂၀၀၀၊ ၁၈၀။

[၁၁] စိုးနိုင်၊ ၂၀၀၅၊ ၃။

[၁၂] Symbolism movement

[၁၃] စိုးနိုင်၊ ၂၀၀၅၊ ၃။

[၁၄] ဇော်ဇော်အောင်၊ ၁၉၇၃၊ ၂၂။

ထိုအဆိုအမိန့်များအရ စာဆိုတို့ဖန်တီးသော စာပေအနုပညာတို့တွင် တိုက်ရိုက်ဖွဲ့ဆို ရေးသားခြင်းထက် သင်္ကေတများသုံး၍ ဖန်တီးရေးသားခြင်းကပို၍ ကဗျာအရသာ စာအရသာ လေးနက်ထိမိစေသည်။ အနုပညာ ပိုပြီးမြောက်စေသည်ဟု ဆိုနိုင်ပါသည်။

## ၂။ မြန်မာကဗျာနှင့် သင်္ကေတ

မြန်မာကဗျာစာဆိုတို့၏ စာပေအနုပညာအရည်အသွေးများ ပြောင်မြောက်ရသည်မှာ ကဗျာဖွဲ့ဆိုရာ၌ တိုက်ရိုက်သဘောထက် သွယ်ဝိုက်ဖွဲ့ဆိုသည့် သင်္ကေတနည်းများ အသုံးပြုခြင်းဟူသော အချက် တစ်ချက်လည်း ပါဝင်ပါသည်။

ပုဂံခေတ်ကဗျာတစ်ပုဒ်ဖြစ်သည့် ပုပ္ပါးနတ်တောင်ဘွဲ့လင်္ကာတွင်

နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား၊ ပန်းစကား

ဟူ၍ ဖွဲ့ဆိုထားပါသည်။ အချိန်အခါရောက်မှ ပွင့်လန်းခြင်း၊ ရွှေအဆင်းနှယ် ဝင်းဝါခြင်း ဂုဏ်ရည်ရှိသည့် စကားဝါပန်းကလေးနှင့် အဆင်းရော အချင်းပါ ပြည့်စုံသည့် မိန်းမပျိုကလေးကို သင်္ကေတပြု ဖွဲ့ဆိုခဲ့ခြင်းဖြစ်ပါသည်။ မြန်မာကဗျာစတင်သည့် ပုဂံခေတ်ကပင် သင်္ကေတဖြင့် ဖန်တီးဖွဲ့ဆိုနိုင်မှုကို တွေ့ရပါသည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာဇကပိုဒ်ရတုတွင်

သု–စိ–ပု–ဘာ၊ ဝိ–လိ–သိ–ဒါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊
နေ့တိုင်းဆင်လော့ [၁၅]

ဟု ရေးဖွဲ့ထားသည်မှာ စာသင်ကြားရန် နည်းလမ်းများကို သင်္ကေတပြုထားခြင်း ဖြစ်ပါသည်။ ထို့ပြင် “နှမလက်လျှော့နေလေတော့”ရတုတွင်

ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း [၁၆]

ဟူ၍ ည (၉)နာရီ (၃၀)အချိန် ကျေးလက်သုံး မြန်မာနာရီသတ်မှတ်ချိန်ကို သင်္ကေတပြု၍ “သက်ကြီးဆိတ်”ချိန်ဟု ဖွဲ့ဆိုခဲ့ပါသည်။

ညောင်ရမ်းခေတ် အိုင်ချင်းကဗျာဖြစ်သည့် “နှမထွေးမယ့်ကိုလိုလျှင်”အိုင်ချင်းတွင်

မိဿလင်နှင့် ချင်းကိုမလို၊ နှမထွေးမယ့်ကိုလိုလျှင်၊ တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို
ခူးလှည့်ပါရှင် [၁၇]

ဟု ဖွဲ့ဆိုထားပါသည်။ တပေါင်းလရာသီပန်းဖြစ်သော သရဖီနှင့် မိမိကိုယ်ကို တင်စားကာ “ရွှေဖီဦး”ဟု ပန်းနှင့် သင်္ကေတပြု ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

ထို့အတူ ကျော်စောရာအရပ်ဒေသများကို သင်္ကေတများပြုထားကြသည်ကို တွေ့ရပါသည်။

---

[၁၅] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၈၊ ၂၄။
[၁၆] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၈၊ ၂၆။
[၁၇] ရှင်ငြိမ်းမယ် (တောင်တွင်း)၊ ၁၉၉၂၊ ၉။

တံတားဦးကကွမ်းနဝါ၊ ငမြာကဆေး၊ ကွမ်းသီးတောင်ငှူနှင့်၊ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး [၁၈]

ဟူ၍ မြန်မာလူမျိုးတို့ သင်္ကေတပြု မှတ်သားထားကြသည်ကို တွေ့ရပါသည်။ ကဗျာအဖွဲ့အနွဲ့များသည် ပြောလိုသည်ကို တိုက်ရိုက်ဖွဲ့ဆိုခြင်းမဟုတ်ဘဲ သင်္ကေတများဖြင့် ဖန်တီးဖွဲ့ဆိုခြင်းကြောင့် ကဗျာသည် ပို၍ သိမ်မွေ့လှပသည်။ အနက်အဓိပ္ပါယ် ထိမိကျစ်လျစ်သည့် အဖွဲ့များကို တွေ့မြင်နိုင်ပါသည်။

## ၃။ မြန်မာကဗျာနှင့် ဆံကေသာသင်္ကေတ

မြန်မာ့ယဉ်ကျေးမှုအဖြစ် မြတ်နိုးတန်ဖိုးထားသည့် အရာတို့တွင် ဆံကေသာလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဆံကေသာနှင့် ပတ်သက်၍ ခေတ်အဆက်ဆက် စာဆိုတို့ ဖွဲ့ဆိုခဲ့သည်ကို စာပေ အထောက်အထားများက သက်သေပြလျက် ရှိပါသည်။ ထူးခြားချက်တစ်ရပ်မှာ ဆံကေသာကို ဖွဲ့ဆို သည့် စာပေအဖွဲ့အနွဲ့များတွင် အမျိုးသမီးတို့၏ အလှအပသာမကအရွယ်၊ ဂုဏ်အဆင့်အတန်း၊ စိတ်ခံစားချက်တို့ကို ဆံကေသာသင်္ကေတဖြင့် ပေါ်လွင်အောင် ဖွဲ့ဆိုနိုင်ခြင်းပင် ဖြစ်သည်။

### ၃၊ ၁။ အရွယ်သင်္ကေတ

မြန်မာအမျိုးသမီးလေးများ၏ ကောင်းခြင်းလက္ခဏာငါးပါးတွင် အရွယ်၏တင့်တယ်ခြင်းသည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ "ဝယကလျာဏ"ကို အထူးအလေးပေးဖွဲ့၍ ကဗျာအသီးသီး၌ ဖွဲ့ဆိုကြပါ သည်။ ထိုသို့ဖွဲ့ဆိုရာတွင် အရွယ်၏နုနယ်ခြင်း၊ ငယ်ရွယ်ခြင်း၊ ပျိုမျစ်ခြင်းတို့ကို ဆံကေသာနှင့် သင်္ကေတ ပြု၍ ဖွဲ့ဆိုထားကြပါသည်။

စာဆိုတို့သည် မိမိတို့၏ ချစ်သူကြင်ဘက်အပေါ် ငယ်ရွယ်စဉ် ကလေးဘဝကပင် ချစ်မြတ်နိုးခဲ့ကြောင်း ချစ်သက်သေပြလေ့ရှိသည်။ ငယ်စဉ်ကလေးဘဝ ကစားဖော် ကစားဖက်ကပင် ချစ်မေတ္တာ ဝင်ခဲ့ကြသည်ကို အမြတ်တနိုး ဖွဲ့ဆိုကြသည်။

အင်းဝခေတ်စာဆိုများဖြစ်သည့် ဝံတောင်လယ်၏ "ခေတ္တာသရေရှိ"ရတုတွင်

လတ်လတ်ရည်ရှင်၊ ပြင်သွင်ညိုရောင်၊ စည်းကြက်တောင်ဝယ် [၁၉]

ဟုလည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ၏ "ဝဏ္ဏပဘာ"ချီ ရတုတွင်

ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရေးတင်စွ၊ သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း၊ ပြာနွဲ့ရှင်းမှု [၂၀]

ဟုလည်းကောင်း၊ စာဆို နဝဒေး၏ "ညွှတ်သွယ်မြင့်ချီ" ချီ ရတုတွင်

ရွှေရင်သိမ်းသစ်၊ မြနှစ်အရောင်၊ စည်းကြက်တောင်နှင့်၊ ရွှေတောင် များလယ်၊ တင့်စံပယ်လျက် [၂၁]

---

[၁၈] မြကေတု၊ ၁၉၉၄၊ ၄၂၀။

[၁၉] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၂၈။

[၂၀] -ယင်း-၊ ၃၂။

[၂၁] နဝဒေး၊ စာဆိုတော်၊ ၁၉၆၄၊ ၃၅ ။

ဟုလည်းကောင်း၊ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင်

ငယ်သွေးငယ်ယောင်၊ ငယ်ပြင်ဆောင်လည်း၊ ကြက်တောင်ဆံစည်း၊ ငယ်ချင်းရည်း၍ [၂၂]

ဟုလည်းကောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

**အသက် လေးနှစ်နှင့် ၁၀ နှစ်လောက်တွင် ဆံပင်ကို စုစည်းလာနိုင်ပြီဖြစ်၍ ကြက်တောင် စည်းကြပါသည်။ ကြက်၏ အမြီးအတောင်နှင့် တူသည့်အတွက် ခေါ်ခြင်းဖြစ်သည်။**[၂၃] ၁၀ နှစ်အရွယ် မတိုင်ခင် ငယ်ရွယ်စဉ်ကတည်းက ချစ်ခင်မြတ်နိုးရသည့်သူ၊ ငယ်ရွယ်သောသူ မိန်းမပျိုလေးကို "ကြက်တောင်စည်း" ဆံကေသာနှင့် သင်္ကေတပြု ဖွဲ့ဆိုထားသည့် လင်္ကာဏာများဖြစ်ပါသည်။

ထိုထက် အရွယ်တစ်ဆင့်တက်၍ (၁၃)နှစ်အရွယ် မိန်းမပျိုလေးကို ဖွဲ့ဆိုရာတွင် ဝံတောင်လယ်ဆို "ခေတ္တသရေ"ချီ ရတုတွင်

အပြင်သွယ်နွဲ့၊ ကြော့စိမ်းလဲ့နှင့်၊ ဆဲ့သုံးနှစ်ဝင်၊ ဆံကေသျှင်လည်း၊ လက်သင်စည်းကာ၊ ငယ်ဗျူဟာနှင့် [၂၄]

ဟု ဖွဲ့ဆိုထားပါသည်။ (၁၃)နှစ်အရွယ်တွင် လက်သင်ဆံထုံး ထုံးဖွဲ့လေ့ရှိကြောင်းနှင့် (၁၃)နှစ် အရွယ် မိန်းမပျိုလေးအလှကို ဖွဲ့ဆိုထားကြောင်း သိရှိနိုင်ပါသည်။

စာဆို ရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်"ချီရတု ပထမပိုဒ်တွင်

အိမ့်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင်နှိုက် [၂၅]

ဟုလည်းကောင်း၊ စာဆို နဝဒေး၏ "ဥဒည်းစက်ပြင်"ချီ ရတု ဒုတိယပိုဒ်တွင်

စုလည်းလက်သင်၊ မြကွမ်းလင်နှင့် [၂၆]

ဟုလည်းကောင်း၊ စာဆို ရှင်သူရဲ၏ အဖြည့်ခံရတု တတိယပိုဒ်တွင်

လုခေါင်နတ်ဆင်၊ စုလည်းကွင်းနှင့်၊ ညခင်းမြင်လစ်၊ ရွယ်သစ်သစ်၏ [၂၇]

ဟုလည်းကောင်း၊ သတိုးဓမ္မရာဇာ၏ "သွန်းမြူးစေတန်"ချီ မယ်ဘွဲ့ရတုတွင်

သုံးဘော်ရွှေလယ်၊ ရွက်သွယ်ကေသာ၊ ထုံးကာစစ၊ ရှုရှုလက်သင်၊ ရွှေစင်အသား၊ လုထွတ်ထားသား [၂၈]

ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။ (၁၃)နှစ်အရွယ် မိန်းမပျိုလေး၏ အသက်အရွယ်ကို ထည့်သွင်း မဖွဲ့ဆိုတော့ဘဲ "ထပ်ရစ်လက်သင်၊ ထုံးစတွင်နှိုက်"၊ "စုလည်းလက်သင်၊ မြကွမ်းလင်နှင့်"၊ "စုလည်း

---

[၂၂] ရှင်အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၂၂ ။

[၂၃] စောမုံညင်း၊ ၁၉၈၉၊ ၇၈။

[၂၄] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၃၇။

[၂၅] -ယင်း-၊ ၂၆။

[၂၆] -ယင်း-၊ ၅၉။

[၂၇] -ယင်း-၊ ၆၀။

[၂၈] -ယင်း-၊ ၂၂၄။

ကွင်းနှင့်၊ ညခင်းမြင်သစ်”၊ “ရွက်သွယ်ကေသာ၊ ထုံးကာစစ၊ ရွှရွှလက်သင်”ဟု ဆံကေသာ သင်္ကေတ သဘောဖြင့် ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

ထို့ပြင် (၁၆)နှစ်အရွယ်ဝန်းကျင်ရှိ အမျိုးသမီးလေးများ၏ အလှကိုဖွဲ့ဆိုထားသည့် မြန်မာကဗျာများကိုလည်း လေ့လာတင်ပြပါမည်။

အင်းဝခေတ်စာဆို ဝံတောင်လယ်၏ “အောင်ချာနန်းမြေ”ချီ ရတုတွင်

ဆဲ့ခြောက်နှစ်ကျော်၊ မမြော်တုလွတ်၊ နွဲ့နွဲ့ညွတ်သား၊ မြိတ်လွတ် သခင်၊ အပြင်သွယ်ညို့၊ နတ်ကဲ့သို့ကို [၁၉]

ဟုလည်းကောင်း၊ “ခေတ္တအောင်မြေ”ချီ ရတုတွင်

တဆဲ့ခြောက်နှစ်၊ ပျို့မျစ်မျစ်လျှင်၊ ကျစ်လျစ်ခြင်းရာ၊ ဆံကေသာကို၊ ပြင်ကာသိပ်သည်း၊ ဆွဖြူစည်း၍ [၂၀]

ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။

ရှင်မဟာရဋ္ဌသာရ၏ “နန်းမြေအောင်ချာ”ချီ ရတုတွင်

ဆယ်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မွတ်မွတ်စင်သား၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို [၂၁]

ဟု ဖွဲ့ဆိုထားပါသည်။ (၁၆)နှစ်ဝန်းကျင် မိန်းမပျိုလေးများ၏ ဆံကေသာထုံးဖွဲ့မှုသည် မြိတ်လွတ်ဆံထုံး၊ မြိတ်စို့ဆံထုံး၊ မြိတ်ဖြူဆံထုံးများ ထုံးဖွဲ့ကြသည်ကို သိရှိနိုင်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ “ဝဏ္ဏပဘာ”ချီ ရတုတွင်

ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို [၂၂]

ပြေပြစ်တင့်ဆုံဆည်း၊ မိညက်ကြည်းသည်၊ စုလည်းထုံးတုံ့ မထုံးတုံ့ [၂၃]

ဟုလည်းကောင်း၊ စာဆို ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင်

ကေသာနက်မည်း၊ ယဂင်ပည်းမျှ၊ စုလည်းသွယ်ပတ်၊ မမှီတတ်၍၊ မြိတ်လွတ်မထုံး၊ ပုလဲကုံးတိ [၂၄]

ဟုလည်းကောင်း၊ မကွေးတရာစာဆို၏ “ခြိမ့်မျှပတ်လည်”ချီ ကျေးစေရတုတွင်

မြိတ်လွတ်ရွှရွှ၊ ရှိမ်းမျှလွမ်းရာ၊ သလွန်သာထက် [၂၅]

---

[၁၉] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၃၉။

[၂၀] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆ ၊ ၃၄။

[၂၁] -ယင်း-၊ ၂၄။

[၂၂] -ယင်း-၊ ၂၆။

[၂၃] -ယင်း-။

[၂၄] အဂ္ဂသမာဓိ၊ ရှင်၊ ၁၉၇၁၊ ၁၈။

[၂၅] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၂၀၅။

ဟုလည်းကောင်း ချစ်သူမယ်လေးအလှတို့ကို ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင်အဖွဲ့ခံချစ်သူ မိန်းမပျိုလေး၏အရွယ်ကို မဖော်ပြတော့ဘဲ မြိတ်လွတ်၊ မြိတ်စို့၊ မြိတ်ဖြူဆံထုံးအဖွဲ့ကိုသာ ဖွဲ့ဆို ထားသည်ကို တွေ့ရပါသည်။ ရှေးခေတ်မိန်းမပျိုလေးများ၏ (၁၆)နှစ်ဝန်းကျင်အရွယ်ကို မြိတ်လွတ်၊ မြိတ်စို့၊ မြိတ်ဖြူ ဆံကေသာ သင်္ကေတအဖွဲ့များဖြင့် ဖွဲ့ဆိုသည့် သင်္ကေတအဖွဲ့များ ဖြစ်ပါသည်။

## ၃၊ ၂။ ဂုဏ်အဆင့်အတန်းသင်္ကေတ

မြန်မာကဗျာများတွင် ဂုဏ်အဆင့်အတန်းကို ဖွဲ့နွဲ့ရာတွင် ဆံကေသာအဖွဲ့များကိုလည်း အထူး အလေးပေး ဖွဲ့လေ့ရှိသည်ကို တွေ့ရပါသည်။

ကုန်းဘောင်ခေတ်စာဆို ဦးပုည၏ ရေသည်ပြဇာတ်တွင်

ဆံထုံးတော်ကြီး၊ တမာသီး [၃၆]

ယောင်ထန်းစေ့မှုတ်၊ ခေါင်းမွေးစုတ်တဲ့ [၃၇]

ဟု ဆင်းရဲသားရေသည်မောင်နှံ၏ ဆံပင်မွဲစုတ်သေးငယ်ပုံသရုပ်ကို သင်္ကေတပြု ဖော်ဆောင် ထားရာ ဆင်းရဲသည့် လူမှုအဆင့်အတန်းနှင့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်ရပုံ သရုပ်ကိုပို၍ ပေါ်လွင် လာစေသည်။

ရှေးကဗျာများဖြစ်သည့် ပျို့၊ ရတု၊ ဧချင်း၊ ရကန်၊ ရာပုံတော်၊ တေးထပ်၊ ဘောလယ် စသည့် ကဗျာတို့တွင် နန်းတွင်းသူ မင်း၊ မိဖုရား၊ မင်းသမီး၊ မောင်းမမိဿံ စသည့် နန်းတော် အိမ်တော်တို့မှ အလှအပ အညွန့်အဖူး၊ အဆောင်အယောင်များကို အထူးတလည် ဖွဲ့ဆိုကြသည်။ ထိုအလှအပအဖွဲ့ များတွင် ဆံကေသာဆင်ယင်ထုံးဖွဲ့မှုကိုလည်း အလေးထား ဖွဲ့ဆိုလေ့ရှိပါသည်။ ဆံကေသာ၏ အရောင်အသွေး၊ ရတနာများစီခြယ် တန်ဆာဆင်ပုံတို့သည် အဖွဲ့ခံမိန်းမပျိုလေးတို့၏ ဂုဏ် အဆင့် အတန်းကို ပေါ်လွင်စေသည့် အဖွဲ့များအဖြစ် တွေ့ရှိရပါသည်။

ရှင်မဟာရဋ္ဌသာရ၏ "ဝဏ္ဏပဘာ"ချီ ရတုတွင်

ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရေးထင်စွ [၃၈]

ဟုလည်းကောင်း၊ သခင်မယ်ကေးဧချင်းတွင်

ရတနာကြက်တောင်၊ ရွှေရောင်ထုံးစ [၃၉]

ဟုလည်းကောင်း ရတနာစီခြယ်ထားသော ကြက်တောင်စည်းအဖွဲ့ကို တွေ့ရပါသည်။

ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင်

စုလည်းကေသာ၊ မြရွက်ညှာကို၊ သွယ်ဖြာရစ်ပတ်၊ နဝရတ်တိ [၄၀]

---

[၃၆] ပုည၊ ဦး၊ ၁၉၉၆၊ ၄။

[၃၇] –ယင်း–၊ ၃။

[၃၈] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၃၂။

[၃၉] သီရိဝေသူကျော်၊ ၂၀၀၇ ၊ ၂၇။

[၄၀] အဂ္ဂသမာဓိ၊ ရှင် ၊ ၁၉၇၁၊ ၂၀။

စုလျားမြိတ်စွန်း၊ ချိပ်ရည်သွန်းသို့ [၆၁]

ကေသာရွက်ထုံး၊ စုလည်းလုံးလျက်၊ မြကုံးသွယ်မြိတ်၊ ရောင်လျှံ ဘိတ်မျှ [၆၂]

ဟုလည်းကောင်း၊ ရှင်ထွေးနာသိန်၏ ရတုတွင်

မဏိကိုးပါး၊ စီခြားခြယ်မြှောင်၊ ခရုချောင်နှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့ [၆၃]

ယကင်ထုံးလျက်၊ ရွှေကုံးရစ်ဆင် [၆၄]

ဟုလည်းကောင်း၊ ဦးတိုး၏ ရာမရကန်တွင်

ယဉ်လှသည့်ကေဆံ၊ ဖျားညွတ်ကယ်ကော့လန်၊ ပိတုန်းညိုတောင်ပံ၊ ကုံကုမံပျံ့ကြိုင်၊ မဥ္ဇူနံ့လှိုင်လှိုင် [၆၅]

ဟုလည်းကောင်း၊ စာဆို နဝဒေး၏ "ညွတ်သွယ်မြင့်"ချီ ရတုတွင်

မြနှစ်အရောင်၊ စည်းကြက်တောင်နှင့် [၆၆]

ဟုလည်းကောင်း၊ ဝံတောင်လယ်ဆို "ခေတ္တာသရေ"ချီ ရတုတွင်

မြသွင်အရောင်၊ စည်းကြက်တောင်ဝယ် [၆၇]

ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။ ဤဆံကေသာအဖွဲ့များတွင် ဆံကေသာ၏ အရောင်အသွေးကို မြရောင်၊ ပိတုန်းရောင်ကဲ့သို့ အရောင်၏ကောင်းခြင်းလက္ခဏာများရှိပုံ၊ ဆံကေသာတွင် ရတနာ စီခြယ်ဆင်ယင်ပုံတို့ကို အထူးအလေးကဲ ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့ မွမ်းမံဆင်ယင်မှုအဖွဲ့များသည် ဂုဏ်အဆင့်အတန်းမြင့်မားခြင်းကို သင်္ကေတပြုနေသည့် ဖွဲ့ဆိုမှုများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၃၊ ၃။ ခံစားချက်ပြသင်္ကေတ

ရှေးခေတ်ကဗျာတို့တွင် ချစ်သူကို လွမ်းဆွတ်တမ်းတ၍ ခံစားသည့် အချစ်အလွမ်းအဖွဲ့များ၊ သောက ဗျာပါဒအဖွဲ့များ ဖွဲ့ဆိုရာတွင်လည်း ဆံကေသာအဖွဲ့ကို ထည့်သွင်းဖွဲ့ဆိုကြသည်ကို လေ့လာ တွေ့ရှိရပါသည်။

ပဲခူးမိဖုရားဆို ရတုများတွင် မောင်တော်ပြည်ဘုရင် သတိုးဓမ္မရာဇာကို လွမ်းဆွတ်တသသည့် အဖွဲ့များတွင်

ကေသျှင်ရစ်ပတ်၊ မထုံးတတ်ခဲ့၊ လွမ်းဆွတ်ပျောင်းညှို့၊ မတုံ့မတည်၊ ရှိရစ်သည်မှူ [၆၈]

---

[၆၁] အဂ္ဂသမာဓိ၊ ရှင် ၊ ၁၉၇၁၊၂၁။

[၆၂] အဂ္ဂသမာဓိ၊ ရှင် ၊ ၁၉၇၁၊ ၃၀။

[၆၃] စောမုံညင်း၊ ၁၉၈၉၊ ၅၂။

[၆၄] –ယင်း–။

[၆၅] တိုး၊ ဦး၊ ၁၉၆၅၊ ၂၈။

[၆၆] စာဆိုတော်များရတုပေါင်းချုပ်၊ ၊ ၂၈။

[၆၇] –ယင်း–၊ ။

[၆၈] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆ ၊ ၁၄၂။

မြိတ်ချပ်ထိပ်ပြင်၊ ဆံကေသျှင်ကို၊ လက်သင်ပင့်ရုံး မတတ်ဘူး [၄၉]

ဆွကြက်တောင်ကို၊ တင့်အောင်မစည်း၊ တင့်ရည်းမထင်၊ ညှိုးရုပ်သွင်နှင့် [၅၀]

ဟုလည်းကောင်း၊ ရဝေရှင်ထွေး၏ "လေဝန်းကဆင်"ချီ ရတုတွင်

ဖူးမြင်မျှော်ငံ့၊ ဆွတ်ဆွတ်ပျံ့မျှ၊ သွယ်ညှံ့ကေသျှင်၊ သိမ်းမဖြစ်သည် [၅၁]

ဟုလည်းကောင်း၊ နတ်သျှင်နောင်၏ "တင့်လှပေဟန်"ချီ ရတုတွင်

ထုံးနေမကြော့၊ ပတ်လျော့ဆံကြာ၊ ချတိုင်းသာလျှင် [၅၂]

ဟုလည်းကောင်း၊ မိဖုရားရှင်မင်း၏ တေးထပ်တွင်

ဆံခွေကို ဖြန့်ကျင်းလို့၊ ပြတင်းကမယ်မျှော် [၅၃]

ဟုလည်းကောင်း စာတော်ဆက်ဦးကြော့၏ စုံနံ့သာမြိုင်ရှာပုံတော်ကြီးတွင်

ကေသီတော်ညက်၊ မြစပယ်ငုံ၊ လလယ်ယုန်၊ ဆဆယ်ပုံပျက်ခဲ့ပေါ့ [၅၄]

ဟုလည်းကောင်း၊ ဖွဲ့ဆိုထားကြပါသည်။ ချစ်သူကို တမ်းတလွမ်းဆွတ်စိတ်ကြောင့် မိမိတို့၏ ဆံကေသာကိုပင် မဖြီးနိုင်၊ မဆင်နိုင်၊ မသိမ်းနိုင်ဖြစ်ကြသည့် အလွမ်းခံစားချက်ကို ပို၍ထိမိပေါ်လွင်စေသည်။

မဟာဇနကပျို့တွင် အရိဋ္ဌဇနကမင်း စစ်ရှုံး၍ မိဖုရားကြီး ကာလစမ္ပာနဂိုရ်ပြည်သို့ ထွက်ပြေးခန်းတွင်

နေရှိန်ပူလော၊ နေတောတောဝယ်၊ အဆောတလျင်၊ ကေရှင်ဖားလျား၊ မြောက်တံခါးဖြင့်၊
ထွက်သွားခဲ့ပြီး [၅၅]

ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။ မိဖုရားကြီး ဆင်းရဲဒုက္ခ၊ သောကဗျာပါရနှင့် ကြုံတွေ့နေရပုံကို "ကေရှင်ဖားလျား"ဟူသော ဆံပင်အဖွဲ့ဖြင့် သင်္ကေတပြု ဖွဲ့ဆိုပြခြင်းသည် ပို၍ထိမိပေါ်လွင်စေသည်။

ထို့ကြောင့် ဆံကေသာပုံပန်းသွင်ပြင်တို့ကို လျော့ရဲရဲဖြစ်နေဟန်၊ မပြုမပြင် မထုံးမဖွဲ့ဖြစ်နေဟန်၊ ဆံပင်ဖားလျားဖြစ်နေဟန်တို့ကို ထည့်သွင်းဖွဲ့ဆိုခြင်းတို့သည် ခံစားချက်သရုပ်ကို ပေါ်လွင်စေသည့် ဆံကေသာ သင်္ကေတအဖွဲ့များပင် ဖြစ်ပါသည်။

---

[၄၉] စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆ ၊ ၁၄၃။
[၅၀] –ယင်း–၊ ၁၇၁။
[၅၁] –ယင်း–၊ ၉၇။
[၅၂] နတ်သျှင်နောင်၊ ၁၉၆၆၊ ၁၈။
[၅၃] မိမိလေး၊ ဒေါ်၊ ၂၀၀၃၊ ၂၈၈။
[၅၄] ကြော့၊ ဦး၊ စာတော်ဘက်၊ မ–၁၃၂၅၊ ၂၈။
[၅၅] ထွန်းညို၊ ဦး၊ တွင်းသင်းတိုက်ဝန်၊ မဟာစည်သူ၊ ၁၉၉၂၊ ၆။

## ခြုံငုံသုံးသပ်ချက်

မြန်မာကဗျာများလာ အမျိုးသမီးတို့၏ ဆံကေသာသင်္ကေတကို အရွယ်သင်္ကေတ၊ ဂုဏ်အဆင့်အတန်း သင်္ကေတ၊ ခံစားချက်ပြ သင်္ကေတဟူ၍ အမျိုးအစား (၃)မျိုး လေ့လာတင်ပြခဲ့ပါသည်။

စာဆိုတို့သည် မြန်မာအမျိုးသမီးလေးများ၏ အလှကိုဖွဲ့ဆိုရာတွင် မိန်းမတို့၏ကောင်းခြင်း ငါးဖြာကို အသေးစိတ် အလေးပေးဖွဲ့ဆိုလေ့ ရှိပါသည်။ ထိုအဖွဲ့များတွင် "ကေလကလျာဏ"ဟူသော ဆံကေသာ၏ ကောင်းခြင်းကို ဖွဲ့ဆိုသည့်အဖွဲ့တစ်ခု အပါအဝင်ဖြစ်ပါသည်။ ဆံကေသာသည် မြန်မာတို့ မြတ်နိုးတန်ဖိုး ထားသည့် အလှတစ်ပါးဖြစ်ပါသည်။ "မိန်းမတို့ဘုန်း ဆံထုံး"ဆိုသကဲ့သို့ မြန်မာအမျိုးသမီးတို့၏ အလှတွင် ဆံကေသာအဖွဲ့သည် အဓိကအရေးပါသည့် အဖွဲ့လည်းဖြစ်ပါသည်။ ထို့ကြောင့်ဆံကေသာ၏ အရောင် အသွေးကို မြရောင်ပိတုန်းရောင်ဖြင့် တင်စား၍လည်းကောင်း၊ ဆံကေသာထုံးဖွဲ့သည့် ပုံသဏ္ဌာန်အမျိုးမျိုး ကိုလည်းကောင်း အထူးအလေးပေး ဖွဲ့ဆိုကြပါသည်။ ထိုအဖွဲ့များက စာဆိုတို့ ရည်ရွယ်ဖွဲ့ဆိုသည့် မိန်းမပျိုလေးတို့၏အရွယ်၊ ဂုဏ်အဆင့်အတန်း၊ ခံစားချက်တို့ကို သင်္ကေတပြုနိုင်သည့် ဆံကေသာ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်တီးဖွဲ့ဆိုကြသည်ကို တွေ့ရပါသည်။

စာဆိုတို့သည် အမျိုးသမီးလေးတို့၏ငယ်ရွယ်နုပျိုသည့်အလှကို (၁၀)နှစ်အရွယ်၊ (၁၃)နှစ်အရွယ်၊ (၁၆)နှစ်အရွယ်စသည်ဖြင့် အသက်ကို ထည့်သွင်းဖွဲ့ဆိုသည့် ကဗျာများလည်း ရှိပါသည်။ အများအားဖြင့် စာဆိုရည်ရွယ်ဖွဲ့ဆိုသည့် အရွယ်ကို သင်္ကေတပြုနိုင်သည့် ဆံကေသာပုံသဏ္ဌာန်ကိုသာ ဖွဲ့ဆိုကြသည်ကို တွေ့ရပါသည်။ ထိုအဖွဲ့များသည် ဆံကေသာဖြင့် အရွယ်ကိုသင်္ကေတပြုသည့် အဖွဲ့များပင် ဖြစ်ပါသည်။

ထို့အတူ ဆံကေသာတွင် ရတနာများစီခြယ်တန်ဆာဆင်သည့် ဆင်ယင်ထုံးဖွဲ့ ထားပုံနှင့် ဆံကေသာ၏ နက်မှောင်တောက်ပြောင်သော အရောင်အသွေးတို့ကိုပါ ဖွဲ့ဆို ပြခြင်းဖြင့် မိန်းမပျိုလေး၏ ဂုဏ်အဆင့်အတန်း ကြီးကျယ်မြင့်မြတ်မှု၊ မိန်းမကောင်း မိန်းမမြတ်တို့၏ ကောင်းခြင်း လက္ခဏာများနှင့် ပြည့်စုံမှုတို့ကို ပေါ်လွင်စေသည့် အဖွဲ့များဖြစ်ပါသည်။ ထိုအဖွဲ့များသည် ဂုဏ်အဆင့်အတန်းကို ဖော်ပြ နိုင်သည့် သင်္ကေတအဖွဲ့များ ဖြစ်ပါသည်။

ထို့ပြင် ခံစားမှုကိုဖော်ပြရာတွင် ဆံပင်၏အရောင်အသွေး၊ ရတနာများ စီခြယ်ထုံးနှောင်သည့် အဖွဲ့များ မဖွဲ့ဆိုတော့ပေ။ ဆံကေသာကို မဖြီးမသင် လျော့ပြေနေသည့် ပုံသဏ္ဌာန်၊ ဖားလျားကျနေသည့် ပုံသဏ္ဌာန်တို့ဖြင့် ဖွဲ့ဆိုပြခြင်းသည် သောကဝေဒနာဟူသော ခံစားချက်တို့ကိုဖော်ပြနေသည့် သင်္ကေတ အဖွဲ့များပင် ဖြစ်ပါသည်။

ထို့ကြောင့် စာဆိုသင်္ကေတပြုဖွဲ့ဆိုလိုက်သည့် ဆံကေသာအဖွဲ့များသည် မြန်မာစာပေ တွင်သာ တွေ့ရသည့် ထူးခြားသည့် စာပေဂုဏ်မြောက်အဖွဲ့များလည်း ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်နိုင်သည့်အပြင် နှစ်သက်မှုရသကိုပါ ပေးစွမ်းသည့် ဂန္ထဝင်မြောက် ကဗျာများအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိကြောင်း သုံးသပ်တင်ပြ လိုပါသည်။

ယနေ့မျက်မှောက်ခေတ်တွင်လည်း မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ရေဘုတ်ကြီးကျေးရွာသည် ဆံရစ်ဝိုင်းတို့ရွာဟု ထင်ရှားသောရွာတစ်ရွာဖြစ်ပါသည်။ ထိုရွာတွင် အမျိုးသမီးလေးများ၏ ဆံကေသာ ထုံးဖွဲ့မှုကိုကြည့်၍ အသက်အရွယ် အပိုင်းအခြား၊ အပျို၊ ချစ်သူရည်စားရှိသူ၊ အိမ်ထောင်ရှိသူ၊ မိခင် စသည်ဖြင့် ခွဲခြားသိနိုင်သည့် ယဉ်ကျေးမှုဓလေ့ကို တွေ့ရပါသည်။ ထို့ကြောင့် သင်္ကေတဝါဒသည် စာပေတွင်လည်း စာပေဂုဏ်၊ အနုပညာဂုဏ်မြောက်စေသည့် သီအိုရီဖြစ်သလို နူးညံ့သိမ်မွေ့သည့် ယဉ်ကျေးမှုကို ဖော်ဆောင်နိုင်သော သင်္ကေတ သဘောတရားများ ဖြစ်သည်ဟု လေ့လာသုံးသပ်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် ဆံကေသာအဖွဲ့များကို စာပေဝေဖန်ရေးနယ်ပယ်မှ သင်္ကေတစနစ်ဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ မြန်မာကဗျာများတွင် ဆံကေသာ သင်္ကေတအဖွဲ့များအပြင် အခြားသော သင်္ကေတအဖွဲ့များ ကျန်ရှိနေပါသေးသည်။ ဤစာတမ်းနှင့် ပတ်သက်၍ လိုအပ်ချက်များ ရှိပါက သုတေသီ ဆရာကြီး၊ ဆရာမကြီးများက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

## ကျမ်းကိုးစာရင်း


**မြန်မာဘာသာ**

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၅)။ ***သက်တံရောင်စုံဘာသာစကား***။ ရန်ကုန်၊ ကြယ်နီ စာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆)။ ***သင်္ကေတဗေဒနိဒါန်း***။ ရန်ကုန်၊ the key collection.

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ချမ်းမြ၊ ဦး (တည်းဖြတ်သူ)။ (၁၆၅၁)။ ***နတ်သျှင်နောင်ဆိုရတုများ***။ မန္တလေး၊ ပိဋကတ်တော် ပြန့်ပွားရေး ပုံနှိပ်တိုက်။

စောမုံညင်း။ (၁၉၈၉)။ ***မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

စိုးနိုင်၊ ဒေါက်တာ။ (၂၀၀၅)။ ***မြန်မာကဗျာနှင့် ပန်းသင်္ကေတစာတမ်း***။ ရန်ကုန်၊ ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ။

တိုး၊ ဦး။ (၁၉၆၅)။ ***ရာမရကန်***။ (ပထမအကြိမ်)။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ထွန်းရီ၊ရွှေဟောင်းသုတေသီ(စုစည်းပြုစုသူ)၊(၂၀၀၇)၊***ချောင်းကဗျာစစ်တမ်းနှင့်ချောင်းသစ်ပဒေသာ။***ရန်ကုန်မြို့၊မိဘဂုဏ်စာပေ။

နဝဒေး၊ စာဆိုတော်။ (၁၉၆၄)။ ***နဝဒေးရတုပေါင်းချုပ်။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ပုည၊ ဦး။ (၁၉၉၆)။ ***ရေသည်ပြဇာတ်***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ။

မိမိလေး၊ ဒေါ်။ (၂၀၀၃)။ ***အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ***။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

မြကေတု။ (၁၉၉၄)။ ***ရာမရကန်***။ (ပထမအကြိမ်)။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ။

ရွှေကိုင်းသား။ (၂၀၀၅)။ ***ဆင်ယင်ထုံးဖွဲ့မှု***။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်။

လက်ဝဲနော်ရထာ၊ (ရှာဖွေစုဆောင်းသူ)။ (၁၆၆၆)။ ***စာဆိုတော်များရတုပေါင်းချုပ်***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

အဂ္ဂသမာဓိ၊ ရှင်။ (၁၉၇၁)။ ***နေမိဘုံခန်းပျို့***။ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

အုန်းရွှေ၊ဦးနှင့်ဦးဝန်(တည်းသည်)။(၁၉၆၈)။***သျှင်မဟာရဋ္ဌသာရ၏ပကိဏ္ဏကစာစု၊*** တက္ကသိုလ်များပုံနှိပ်တိုက်။

**အင်္ဂလိပ်ဘာသာ**

Myint, A. (1993). ***Burmese desing through drawings.*** BangKoK: Silpakom University

***Oxford Advanced Learnears'Dictonary.*** (1991). Fourth Edition. Oxford University Press.








You can tell I'm single
by looking at my hair.
myanmar.mmtimes.com
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်
အတွင်းရှိ ရေပုတ်ကြီးကျေးရွာတွင် မြန်မာ


ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာ